# မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်မှုအတွက် ယွမ်/ကျပ် တိုက်ရိုက်ပေးချေခြင်းနှင့် ပတ်သက်သော မေးလေ့မေးထရှိသည့် မေးခွန်းများ

**မေး။ မည်သည့်ဘဏ်ခွဲများတွင် ယွမ်အကောင့်ဖွင့်ခြင်း (သို့) ပိတ်ခြင်းကို ပြုလုပ်နိုင်ပါသလဲ။**

- မူဆယ်ဘဏ်ခွဲ ၁ ၊ ဖုန်း ၀၉-၂၅၃၁၅၂၁
- မူဆယ်ဘဏ်ခွဲ ၂ ၊ ဖုန်း ၀၈၂-၅၂၆၆၄၊ ၀၈၂-၅၂၆၆၅၊ ၀၉-၄၂၁၁၁၂၇၂၃
- ရန်ကုန်ဘဏ်ခွဲ ၂၀၆ ၊ ဖုန်း ၀၉-၄၅၇၅၉၄၄၁၀၊ ၀၉-၂၆၁၀၇၉၂၉၃
- မန္တလေးဘဏ်ခွဲ ၃၆ ၊ ဖုန်း ၀၉-၄၅၄၈၉၉၇၀၃

**မေး။ မည်သည့်ဘဏ်ခွဲများတွင် မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်မှုအတွက် Border Trade ဝန်ဆောင်မှုကို ရယူနိုင်ပါသလဲ။**

မူဆယ်ဘဏ်ခွဲ ၁ နှင့် မူဆယ်ဘဏ်ခွဲ ၂ တို့တွင် ဝန်ဆောင်မှု ရယူနိုင်ပါသည်။

**မေး။ ရန်ကုန်ဘဏ်ခွဲ နှင့် မန္တလေးဘဏ်ခွဲတို့တွင် Border Trade ဝန်ဆောင်မှု ရယူနိုင်ပါသလား။**

ဝန်ဆောင်မှု မရယူနိုင်ပါ။

**မေး။ Border Trade ဝန်ဆောင်မှု ရယူနိုင်သော ဘဏ်ခွဲများတွင် မည်သည့်ဝန်ဆောင်မှုများ ရနိုင်ပါသလဲ။**

- Telegraphic Transfer (TT) - TT စနစ်ဖြင့်ငွေလွှဲခြင်း
- Letter of Credit (L/C) - ငွေလွှဲစာတမ်းစနစ်ဖြင့် ငွေပေးချေခြင်း
- Documentary Collection (DP/DA) - ကောက်ခံရေးစနစ်ဖြင့် ငွေပေးချေခြင်း
- FX Dealing - ယွမ်ငွေ အရောင်းအဝယ်ပြုလုပ်ခြင်း

**မေး။ ယွမ်အကောင့်ဖွင့်လှစ်ရန် မည်သည့်စာရွက်စာတမ်းများ လိုအပ်ပါသလဲ။**

၁) ယွမ်စာရင်းဖွင့်ခွင့် လျှောက်လွှာ

၂) ကုမ္ပဏီ မှတ်ပုံတင် နှင့် ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်း

၃) ဒါရိုက်တာခွင့်ပြုချက်ပါသော အစည်းအဝေးမှတ်တမ်း

၄) ပို့ကုန်၊ သွင်းကုန် လုပ်ငန်းရှင် မှတ်ပုံတင်

၅) ကုန်သည်ကြီးများ အသင်းဝင်မှတ်ပုံတင် (လိုအပ်ပါက)

၆) ပို့ကုန်သွင်းကုန်မှတ်ပုံတင်လက်မှတ်

၇) ဒါရိုက်တာအဖွဲ့ကိုယ်စား ဆောင်ရွက်ပါက တရားခွင့်ပြုထားသည့် အထောက်အထား

**မေး။ တရုတ်ပြည်မှ "ယွမ်" ငွေလွှဲ ဝင်ရောက်လာပါက မည်သည့်စာရွက်စာတမ်းများ တင်ပြရန် လိုအပ်ပါသလဲ။**

**လိုအပ်သော စာရွက်စာတမ်းများ (ကုန်ပစ္စည်း မတင်ပို့မှီ)**

၁)ယွမ်စာရင်းသို့ ငွေထည့်ပေးရန် လျှောက်ထားလွှာ (Company Letterhead ဖြင့်)

၂)ကုန်ရောင်းပြေစာ/အရောင်းအဝယ်သဘောတူလက်မှတ်ထိုးထားသည့်စာရွက်စာတမ်း

**လိုအပ်သော စာရွက်စာတမ်းများ (ကုန်ပစ္စည်း တင်ပို့ပြီး)**

၁)ယွမ်စာရင်းသို့ ငွေထည့်ပေးရန် လျှောက်ထားလွှာ (Company Letterhead ဖြင့်)

၂)ကုန်ရောင်းပြေစာ/အရောင်းအဝယ်သဘောတူလက်မှတ်ထိုးထားသည့်စာရွက်စာတမ်း

၃) ကုန်ပို့စာရွက်စာတမ်းများ (မိတ္တူ)

၄) Export Declaration (ED) Allowed Shipment Notification

**မေး။ တရုတ်ပြည်သို့ "ယွမ်" ငွေလွှဲလျှင် မည်သည့်စာရွက်စာတမ်းများ တင်ပြရန် လိုအပ်ပါသလဲ။**

**လိုအပ်သောစာရွက်စာတမ်းများ (ကုန်ပစ္စည်းမရောက်ရှိမီ - Advance TT)**

၁)Telegraphic Transfer Application Form ဖြည့်ရန်

၂)ကုန်ရောင်းပြေစာ/အရောင်းအဝယ်သဘောတူ လက်မှတ်ထိုးထားသည့်စာရွက်စာတမ်း

၃) Undertaking Letter (ကုန်ပစ္စည်း ရောက်ရှိပြီးချိန်၌ Release Order Notification (ID)လာရောက် တင်ပြပါမည်ဖြစ်ကြောင်း ခံဝန်စာ)

၄) သွင်းကုန်လိုင်စင် (လိုအပ်ပါက)

**လိုအပ်သောစာရွက်စာတမ်းများ (ကုန်ပစ္စည်းရောက်ရှိပြီး)**

၁)Telegraphic Transfer Application Form ဖြည့်ရန်

၂)ကုန်ရောင်းပြေစာ/အရောင်းအဝယ်သဘောတူ လက်မှတ်ထိုးထားသည့်စာရွက်စာတမ်း

၃) ကုန်ပို့စာရွက်စာတမ်းများ (မိတ္တူ)

၄) သွင်းကုန်လိုင်စင် (လိုအပ်ပါက)

၅) Import Declaration (ID) Release Order Notification

**မေး။ ယွမ်အကောင့်ဖွင့်ရန် အချိန်မည်မျှကြာပါသလဲ။**

လုပ်ငန်းချိန် နေ့ချင်းအပြီး ဆောင်ရွက်နိုင်ပါသည်။

**မေး။ ယွမ်အကောင့်စဖွင့်လျှင် ကနဦးအပ်နှံငွေပမာဏကို မည်မျှသတ်မှတ်ထားပါသလဲ။**

ယွမ် ၃၀

**မေး။ ယွမ်အကောင့်ထဲတွင် ထားရှိရမည့် အနည်းဆုံးလက်ကျန်ငွေပမာဏကို မည်မျှသတ်မှတ်ထားပါသလဲ။**

ယွမ် ၃၀

**မေး။ လူပုဂ္ဂိုလ်တစ်ဦးချင်းအကောင့် (Individual Account) ဖွင့်၍ရပါသလား။**

လူပုဂ္ဂိုလ်တစ်ဦးချင်းအကောင့် (Individual Account) ဖွင့်၍မရပါ။

**မေး။ မိမိကုမ္ပဏီ ယွမ်အကောင့်မှ မိမိကုမ္ပဏီ ကျပ်ငွေအကောင့်သို့ စာရင်းပြောင်းခြင်း (transfer) ပြုလုပ်နိုင်ပါသလား။**

ရပါသည်။

**မေး။ မိမိကုမ္ပဏီ ကျပ်ငွေအကောင့် မှ မိမိကုမ္ပဏီ ယွမ်အကောင့်သို့ စာရင်းပြောင်းခြင်း (transfer) ပြုလုပ်နိုင်ပါသလား။**

ရပါသည်။ Telegraphic Transfer (TT) Payment အတွက် စာရင်းပြောင်းခြင်း (transfer) ပြုလုပ်နိုင်ပါသည်။

**မေး။ ကမ္ဘောဇဘဏ်၏ SWIFT ကုဒ် မှာ အဘယ်နည်း။**

KBZBMMMY

**မေး။ ကမ္ဘောဇဘဏ်တွင် IBAN ကုဒ် (သို့) BIC ကုဒ် ရှိပါသလား။**

ကမ္ဘောဇဘဏ်တွင်  IBAN ကုဒ် (သို့) BIC ကုဒ် မရှိပါ။
SWIFT ကုဒ် - KBZBMMMY တစ်ခုတည်းသာ ရှိပါသည်။

**မေး။ နိုင်ငံခြားမှ ငွေလွှဲသည့်အခါ မည်သည့်အချက်အလက်များ လိုအပ်ပါသလဲ။**

- KBZ SWIFT Code – KBZBMMMY
- ငွေလွှဲလက်ခံမည့်သူ၏ အကောင့်နံပါတ်
- ငွေလွှဲလက်ခံမည့်သူ၏ အကောင့်အမည်
- Remittance Information (ငွေလွှဲရသည့် အကြောင်းအရင်း)

**မေး။ ကမ္ဘောဇဘဏ်သို့ ငွေလွှဲခြင်းဝန်ဆောင်မှုအတွက် ဝန်ဆောင်ခမည်မျှ ကောက်ခံပါသလဲ။**

ယွမ် ၆၀

**မေး။ ငွေလွှဲဝန်ဆောင်ခ ကောက်ခံရာတွင် ဝန်ဆောင်ခအမျိုးအစား မည်မျှရှိပါသလဲ။**

၁) BEN - ငွေလက်ခံသူဘက်မှ ဝန်ဆောင်ခများအားလုံး ကျခံခြင်း
၂) SHA - ငွေလွှဲသူသည် လွှဲသည့်ဘဏ်မှ ကောက်ခံသော ဝန်ဆောင်ခများကို ကျခံပြီး ငွေလက်ခံသူသည် လက်ခံဘဏ်မှ ဝန်ဆောင်ခများကို ကျခံခြင်း
၃) OUR - ငွေလွှဲသူမှ ဝန်ဆောင်ခများအားလုံး ကျခံရမည်ဖြစ်ပြီး ငွေလက်ခံသူမှ ဝန်ဆောင်ခ ပေးရန်မလိုခြင်း

**မေး။ ပို့ကုန်ရငွေကို အကောင့်ထဲတွင် အချိန်မည်မျှထားခွင့်ရှိပါသလဲ။**
အကောင့်ထဲငွေရောက်သည့်အချိန်မှစ၍ ရက် ၃၀ အတွင်း ထားခွင့်ရှိပါသည်။

**မေး။ တရုတ်ပြည်သို့ ငွေလွှဲသည့်အခါတွင် ငွေလွှဲပမာဏကန့်သတ်ချက်ရှိပါသလား။**
ကုန်သွယ်မှုနှင့်ဆိုင်သော ငွေလွှဲခြင်းအတွက် ငွေလွှဲပမာဏကန့်သတ်ချက်မရှိပါ။

**မေး။ ပို့ကုန်ရငွေ ယွမ်ကို ကျပ်ငွေသို့ စာရင်းပြောင်းရန်လိုအပ်ပါသလား။**
CBM ညွှန်ကြားချက် 7/2022 အရ တင်ပို့သူသည် ပို့ကုန်ရငွေ ဝင်ရောက်ပြီး ရက်၃၀အတွင်း မိမိကိုယ်တိုင်အတွက် သုံးစွဲခြင်းနှင့် ဘဏ်သို့ရောင်းချခြင်းတို့ကို ဆောင်ရွက်နိုင်ပြီး သုံးစွဲရန် ကျန်ရှိငွေကို သက်ဆိုင်ရာဘဏ်သို့ တစ်လပြည့်မြောက်သည့်နေ့တွင် နောက်ဆုံးထားပြီး ရောင်းချရန်လိုအပ်ပါသည်။

**မေး။ ဘဏ်ခွဲတွင် ယွမ်ငွေထုတ်ယူနိုင်ပါသလား။**
လက်ရှိတွင် ယွမ်ငွေ မထုတ်ယူနိုင်ပါ။

**မေး။ ယွမ်ငွေဈေးနှုန်း အပြောင်းအလဲရှိပါသလား။**
ရှိနိုင်ပါသည်။

**မေး။ ယွမ်ငွေမှ ကျပ်ငွေစာရင်းသို့ ပြောင်းလဲရန်အတွက် ဘဏ်သို့ယွမ်ငွေရောင်းချရာတွင် နှုန်းထား ကောက်ခံပါသလား။**
မကောက်ခံပါ။

**မေး။ ကျပ်ငွေမှ ယွမ်ငွေစာရင်းသို့ ပြောင်းလဲရန်အတွက် ဘဏ်မှယွမ်ငွေဝယ်ယူရာတွင် နှုန်းထား ကောက်ခံပါသလား။**
မကောက်ခံပါ။

**မေး။ ယွမ်အကောင့်အချင်းချင်းသို့ စာရင်းပြောင်းခြင်း (transfer) ပြုလုပ်နိုင်ပါသလား။**
လက်ရှိတွင် မပြုလုပ်နိုင်ပါ။

**မေး။ ယွမ်ငွေ နေ့စဉ်နှုန်းထားကို မည်သို့သိရှိနိုင်ပါသလဲ။**
KBZ FX Desk ၀၁-၂၃၀၇၁၈၇၊ ၂၃၀၇၁၉၀၊ ၀၉-၇၆၀၃၇၅၅၈၅၊ ၀၉-၄၃၁၉၆၂၂၇
သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**မေး။ ယွမ်အကောင့်ဖွင့်လှစ်ရာတွင် အခွင့်အာဏာရှိသူသည် နိုင်ငံရပ်ခြားတွင်ရှိနေပါက E-signature ဖြင့် အကောင့်ဖွင့်နိုင်ပါသလား။**

၎င်း customer သည် ကမ္ဘောဇဘဏ်တွင် အကောင့်ရှိပြီးသားဖြစ်ပါက E-signature ဖြင့် ယွမ်အကောင့်ဖွင့်နိုင်ပါသည်။

**မေး။ ကုမ္ပဏီယွမ်အကောင့်ကို အခွင့်အာဏာရှိသူနှစ်ဦးဖွင့်လှစ်သောအခါ ငွေပေးချေမှုလျှောက်လွှာပုံစံတွင် တရားဝင်ခွင့်ပြုချက် လက်မှတ်တစ်ခုသာရေးထိုးနိုင်ပါသလား။**

အကောင့်ဖွင့်ရာတွင် အသုံးပြုထားသော လက်မှတ်များအတိုင်း ပြည့်ပြည့်စုံစုံ လက်မှတ်ရေးထိုးပေးရန်လိုအပ်ပါသည်။ အကောင့်ဖွင့်သူနှစ်ဦး လက်မှတ်ထိုးထားသော အကောင့်အတွက် ငွေလွှဲခြင်း ပြုလုပ်ရာတွင် တစ်ဦးတည်းလက်မှတ်ဖြင့် လွှဲပေး၍မရပါ။

**မေး။ ယွမ်အကောင့်ဖွင့်လှစ်ရာတွင် ကနဦးအပ်နှံရန်ပမာဏကို မည်သည့်ငွေကြေးအမျိုးအစားနှင့် ခွင့်ပြုပါသလဲ။**

ယွမ်ငွေ ၃၀ နှင့် ညီမျှသော မြန်မာကျပ်ငွေ ဖြစ်ရပါမည်။

**မေး။ ယွမ်အကောင့်ကို KBZ mBanking နှင့် iBankingတွင် အသုံးပြုနိုင်ပါသလား။**

ယခုလက်ရှိတွင် ယွမ်အကောင့်ကို KBZ mBanking နှင့် iBanking တွင် view only ဖြင့်သာ စစ်ဆေးကြည့်ရှုနိုင်ပါသည်။